## ရှိသည်၊ ဖြစ်သည်၊ ပျက်သည်

ကိုယ်တိုင်ရေးဝတ္ထုမှာ
ဇာတ်ရှင်းအပေါင်းနဲ့ လောဘတို့ ရှုပ်ပွ
တစ်ချို့တစ်ဝက်က ရေးလက်စ ဥပါဒ်နိမိတ်တွေနဲ့ရယ်..
မြန်နှုန်းမြင့် အဖြစ်အပျက်တို့ ရှိသေးရင် ပေးပါ
တစ်ခုခုပဲ ဖြစ်ဖြစ်ပေါ့..။

သာမာန်နေထိုင်ခြင်းမှာ
ဇါကျတွေ သိပ်သည်းဖို့ လို၊ မလို
အငြင်းပွားဖို့ မလိုပါဘူး
ဟော့ဒီမှာ
မလွှင် ဘုတ်အုတ်များ အစီအရီ..။

ဖဝံ မေ သုတံ နဲ့ စခဲ့တဲ့ ဘဝမို့
နဲနဲတော့ အမြင်မကျဉ်းဖို့ လိုတယ်
သတင်းခေတ်ကြီးထဲမှာ
လူဖြစ်ရတာ မတန်လိုက်တာ...။

ဒီဘဝပြီးရင် ဘာလုပ်မှာလဲ
တစ်ယောက်ထဲ မြောကြည့်ဖူးတယ်...။
နားလည်လည် မလည်လည်
သင်ဖတ်နေသော ကဗျာကို
'ရှင်မားရ' လို့ ပညတ်တင်လိုက်ရအောင်...။

ဟိုမှာ ...
နှင်းတွေ မြင်းကိုယ်စီနဲ့ လာနေပြီ
ကံလေသာ ဗုန်လုံးတွေ ဝင်မလာခင်
ဒို့ရှင်...
ကျေးဇူးပြု၍ တံခါးပိတ်လိုက်ပါ..။